မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

## မြန်မာနိုင်ငံမှ အိမ်နီးခြင်းနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းအလုပ်သမားများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်

၁။ မြန်မာနိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျမ္မာရေး၊ ဘာသာရေးစသည့် အထွေထွေ ကြပ်အတည်းများအောက်တွင် နအဖစစ်အစိုးရမှ အလုပ်အကိုင်များ စီစဉ်ဖန်တည်းပေးနိုင်ခြင်းမရှိသောကြောင့် သောင်းပေါင်းများစွာသော တိုင်းရင်းသားပေါင်းစုံပြည်သူများသည်၊ နီးစပ်ရာ နိုင်ငံများသို့ထွက်ခွာ လာကြပြီး ရရာ လုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်ကြရင်း၊ခက်ခဲကြမ်းတမ်းစွာအသက်မွေးဝမ်းကြောင်းပြုနေကြရသည်။ အထူးသဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာကထဲက ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်အလုပ်လုပ်ကိုင်လျှက်ရှိကြသော မြန်မာနိုင်ငံ သား အလုပ်သမားများ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေး အထူးသဖြင့် ဥပဒေ နှင့်အညီ အကာ အကွယ် ရရှိ ရေးအတွက် အာရုံစူးစိုက် မှုပြုရန် လိုအပ်လာသည်ကို တွေ့ရသည်။

၂။ မြန်မာနိုင်ငံမှ မြောက်များလှစွာသောအလုပ်သမားများ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်အလုပ်လုပ်ကြသည့်အခါ၊ ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် လုပ်အားခကိုဈေးပေါပေါဖြင့်ရရှိသည်။ ထို့ကြောင့် ထိုင်းအာဏာပိုင်များက မြန်မာအလုပ်သမားများကို မှတ်ပုံတင်စေ၍ အလုပ်လုပ်ခွင့်ကဒ်များထုတ်ပေးပြီး ဥပဒေနှင့် အညီတစိတ်တပိုင်းအရ အသိအမှတ်ပြုမှု (quasi-legal status) ကိုဖန်တည်းထားပေးခြင်းဖြင့် မြန်မာအလုပ်သမားများ အတွက်လည်း အလုပ်ရရှိရုံသာမက တရားမဝင် ဝင်ရောက်လာသူများအဖြစ်ထိုင်း လူဝင်မှုကြီးကြပ်ရေး နှင့် ရဲ များ ၏ ဖမ်းဆီးခံရခြင်းမှ အကာအကွယ်တစုံတရာ ရရှိစေကြောင်းတွေ့ရသည်။ သို့ရာတွင် နအဖစစ်အစိုးရက နိုင်ငံခြားသား အလုပ်သမားများအဖြစ် ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်လျှက်ရှိသော မိမိနိုင်ငံသား ပြည်သူများ အတွက် တရားဥပဒေနှင့်အညီဖြစ်သည့် အစီအမံများ ယခုအချိန်အထိ ဆောင်ရွက် ပေး ထားခြင်းမရှိချေ။

၃။ ထို့ကြောင့် ထိုင်းနိုင်ငံမှထုတ်ပေးထားသည့် အလုပ်လုပ်ခွင့်ကဒ်များ အကြောင်းကြောင်းဖြင့် ရုပ်သိမ်းခံရခြင်း၊ အလုပ်လုပ်ခွင့်ကဒ် သက်တမ်းကုန်ဆုံးသွားခြင်း၊ အလုပ်လုပ်ခွင့်အတွက် သတ်မှတ်ပေးထားသော နယ်မြေထက် အမှတ်မထင်ကျော်လွန်သွားလာမိခြင်းများ ဖြစ်ပွားသောအခါ မြန်မာနိုင်ငံမှ အလုပ်သမားများမှာ ထိုင်းနိုင်ငံအတွင်းသို့တရားမဝင် ဝင်ရောက်လာသူများအဖြစ် ပြန်လည်ရောက်ရှိသွားသည်။ ထိုအခါ ထိုင်းရဲနှင့် ထိုင်းဒေသခံအာဏာပိုင်များကို ရင်မဆိုင်ရဲသဖြင့် မဖွယ်မရာပြုမှုဆက်ဆံခံရသည့်အခါများတွင် အရေးယူပေးရန် ပြန်လည် တိုင်တန်းနိုင်ခြင်းမရှိသောကြောင့် အမျိုးသားဂုဏ်သိက္ခာ ကင်းမဲ့စေရုံသာမက အကြိမ်များစွာမှာပင် အသက်ဆုံးရှုံးခြင်းခံရသည်အထိ လုံခြုံရေးအခြေအနေများမှာကြောက်ခမန်းလိလိထိပါးခြင်း ခံနေရလျှက် ရှိပေသည်။

၄။ မြန်မာနိုင်ငံမှစစ်အစိုးရအနေဖြင့် တည်ဆဲလူဝင်မှုကြီးကြပ်ရေးဥပဒေများအရ နိုင်ငံကူးလက်မှတ်ဖြင့် ရန်ကုန်မြို့မှ နိုင်ငံတကာသို့တရားဝင်ထွက်ခွာပြီး အလုပ်လုပ်ခွင့်ပေးမှုများရှိသော်လည်း၊ နယ်စပ်ဒေသများမှတဆင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ခွာပြီး နှစ်နိုင်ငံသဘောတူညီချက်မရှိဘဲ အလုပ်လုပ်ကိုင်နေကြသူများအတွက်၊ တရားဝင်နည်းလမ်းဖြင့် ထွက်ခွာလုပ်ကိုင်ခွင့်များကိုစနစ်တကျ ဆောင်ရွက်ပေးထားခြင်းလုံးဝမရှိခဲ့ပေ။ သို့ဖြစ်၍ မြန်မာနိုင်ငံသားများအနေဖြင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေများနှင့် ဆန့်ကျင်ကာ နိုင်ငံပြင်ပသို့တရားမဝင် ထွက်ခွာပြီး

အလုပ်လုပ်နေကြခြင်းကို လျစ်လျူရှုထားခြင်းအားဖြင့် ဥပဒေချိုးဖောက်မှုကို အားပေးသကဲ့သို့ဖြစ်နေသည်။ တနည်းအားဖြင့် နိုင်ငံအစိုးရအနေဖြင့် မိမိနိုင်ငံသားများကို ဥပဒေချိုးဖောက်သူများ၊ ပြစ်မှုကျူးလွန်သူများဖြစ်အောင် စနစ်တကျဖန်တည်းပေးထားသကဲ့သို့ ဖြစ်နေပေသည်။ တချိန်တည်းတွင် နအဖစစ်အစိုးရအနေဖြင့် မိမိတို့ မလိုမုန်းထားအရေးယူလိုသူများအပေါ် အပြစ်ပေး အရေးယူမှုများရှိနေသဖြင့် ဥပဒေစိုးမိုးရေးအခြေခံကို တစစီ ဖျက်ဆီးနေသကဲ့သို့ ရှိနေပေသည်။ ထိုသူများမှာ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ အပြစ်ပေးခြင်းကို ခံကြရသဖြင့် နှစ်ကြိမ်ပြစ်ဒဏ်ခံကြရသကဲ့သို့ ရှိပေသည်။

၆။ နိုင်ငံခြားသား အလုပ်သမားများ နှင့် ၎င်းတို့၏မိသားစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ အသိအမှတ်ပြုထားသည်။ ထိုညီလာခံတွင် ရွှေ့ပြောင်းအလုပ်သမား၏ အဓိပ္ပာယ်ကို ဖော်ပြထားသည်။ မြန်မာပြည်အလုပ်သမားများသည် ထိုဖွင့်ဆိုချက်အတွင်း အကျုံးဝင်ပေသည်။ အထက်ပါ နိုင်ငံတကာ သဘောတူစာချုပ်ကို နအဖ အနေဖြင့် ပါဝင်ချုပ်ဆို မထား သော်လည်း မိမိနိုင်ငံမှ ထွက်ခွာသွားရောက် အလုပ်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများကို လေးစားလိုက်နာပြီး၊ ကာကွယ်စောင့်ရှောက်မှုပေးရန် တာဝန်ရှိသည်။ ထိုအလုပ်သမားများတွင် အများစုမှာ အမျိုးသမီးများ၊ ကလေးများနှင့် HIV ရောဂါရှိသူများပါဝင်သည်။ SPDC သည် ထိုင်းအစိုးရနှင့် အမျိုးမျိုးသော လုပ်ငန်းများ၊ စီးပွားရေးနှင့် နယ်စပ် ကုန်သွယ်ရေး သဘောတူညီမှုများရှိသော်လည်း မိမိတိုင်းပြည်မှ ရွှေ့ပြောင်းအလုပ်သမား များကို အကာအကွယ်ပေးရန် သဘောတူညီမှုများ ရယူထားခြင်းမရှိသေးခြေ။

၇။ ဤအခြေအနေအရပ်ရပ်သည်၊ မြန်မာနိုင်ငံ၏နိုင်ငံတော်အာဏာကို တရားမဝင်သည့်နည်းလမ်းဖြင့် ရယူထားသည့် စစ်အုပ်စုမှာ တရားဥပဒေစိုးမိုးရေးအခြေခံကို နားမလည်၍လည်းကောင်း၊ လေးစားလိုက်နာရန် တာဝန်ပျက်ကွက်မှုအရလည်းကောင်း ပေါ်ပေါက်လာခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့အစည်းတည်ရှိမှုကို ထိုင်းနိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း၊ ထိခိုက်ပျက်စီးစေပေသည်။ သို့ဖြစ်၍ အဓိကတာဝန် ရှိသည့် နအဖစစ်အစိုးရအနေဖြင့် မြန်မာနိုင်ငံမှ အိမ်နီးခြင်းနိုင်ငံများသို့ ရွှေ့ ပြောင်းထွက်ခွာ အလုပ်သွားရောက် လုပ်ကိုင်ကြသော အလုပ်သမားများအတွက် တရားဥပဒေနှင့်အညီဖြစ်သည့် အောက်ပါအစီအမံများဖြင့် အမြန်ဆုံးအစားထိုးလုပ်ဆောင်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ တောင်းဆိုလိုက်သည်။

(က) အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ (Memorandum Of Understanding) ချုပ်ဆိုပြီး မြန်မာနိုင်ငံမှ အလုပ်သမားအားလုံးအတွက် အလုပ်လုပ်ခွင့်ဗီဇာများ ထုတ်ပေးစေခြင်းဖြင့် ဥပဒေဘောင်ဝင်အောင်လုပ်ဆောင်၍ ကာကွယ်စောင့်ရှောက်မှုပေးရန်။

(ခ) နအဖ စစ်အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးဌာန အပါအဝင် အစိုးရဌာနများ လာဘ်ပေးလာဘ်ယူ အကြီးအကျယ်ဖြစ်ပွားနေမှုများကို အမြန်ဆုံးလျော့နည်းအောင်လုပ်ဆောင်ပြီး အိမ်နီးခြင်းနိုင်ငံများ အပါအဝင် နိုင်ငံရပ်ခြားသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်မည့် နိုင်ငံသားအားလုံးအတွက် နိုင်ငံကူးလက်မှတ်များ၊ ခရီးသွားလက်မှတ်များ လျှောက်ထားမှုကို တရားဝင်စတင်လျှောက်သည့်နေ့မှ ခုနှစ်ရက်အတွင်း ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်။

(ဂ) အထူးသဖြင့် ထိုင်းနိုင်ငံ အစိုးရနှင့် သဘောတူညီမှုရအောင်ကြိုးပမ်းကာ မြန်မာနိုင်ငံမှ ထုတ်ပေးသည့် သက်သေခံ လက်မှတ်ကိုင်ဆောင်ပြီး ထိုင်းနိုင်ငံအတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအား သတ်မှတ်ကာလ တခုအတွင်း တရားမဝင် ခိုးဝင်ရောက်သူများအနေဖြင့် အရေးယူခြင်း မခံရစေရန် အသိအမှတ်ပြု လက်မှတ် စီစဉ်ပေးခြင်းဖြင့် မိမိနိုင်ငံသားများ၏ လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပေးရန်။

(ဃ) ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို မိမိတို့ကိုယ်တိုင်ကာကွယ်နိုင်ရန် အလုပ်သမားသမဂ္ဂများအား ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်၏ပြဋ္ဌာန်းချက်များ နှင့်အညီ ဖွဲ့စည်းခွင့်ပြုစေရန် နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေး အတွက်ပင် လိုအပ်သော အုပ်ချုပ်ရေးပိုင်း ဆိုင်ရာအဖွဲ့အစည်းများ တရားဝင် ဖွဲ့စည်းပေးရေး အတွက် ထိုင်းအစိုးရအား မေတ္တာရပ်ခံပန်ကြားရန်။

(င) အလုပ်သမားများ ကိုင်ဆောင်ခွင့်ရသော အလုပ်လုပ်ကိုင်ခွင့် လက်မှတ်သည် စက်ရုံတရုံတည်းတွင်သာ လုပ်ကိုင်ခွင့်ရမည် ဆိုလျှင် မတရားမှုများ ပေါ်ပေါက်နိုင်မည့် အနေအထားရှိသဖြင့် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ အနေဖြင့် အလုပ်ရုံ တခုမှ အခြားအလုပ်ရုံတခုသို့ အလုပ်ရွှေ့ပြောင်းလုပ်ကိုင်ခွင့်ရရေး အတွက် ထိုင်းအစိုးရ နှင့် ညှိနိုင်းပေးရန်။

(စ) လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လျှက်ရှိစဉ်အတွင်း အလုပ်သမားများ ကျန်းမာရေး နှင့် လုံခြုံမှုရှိစေမည့် အနေအထားများ အပါအဝင် လုပ်ငန်းခွင်အခြေအနေများ တိုးတက်ကောင်းမွန်ရေး အတွက် ထိုင်းအလုပ်ရှင်များ မှ စီစဉ်ဆောင်ရွက်ပေးရေး ကြီးကြပ်အားပေးသွားရန်။

မြန်မာနိုင်ငံ ရေ့နေများကောင်စီ　　　　နေ့စွဲ၊ မတ်လ (၂၆)ရက် ၂၀၀၄ ခုနှစ်

ပိုမို၍ သိရှိလိုပါလျှင်၊
ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ တယ်လီဖုံး (၆၆) (၁) ၄၈၇ ၀၂၆၂ သို့ဆက်သွယ်ရန်